DEVELOPERS ENTREPRENEURS LIAISON CONSTRUCTION ORGANIZERS (DELCO) LIMITED
ဖွံ့ဖြိုးတိုးတက် ထုတ်လုပ်မှု ဖော်ဆောင်ရေး (ဒယ်လ်ကို) လီမိတက်

DELCO Forging the Future

Developers Entrepreneurs Liaison Construction Organizers Limited (DELCO)
No: ..........
Date ..........

စာအမှတ်၊ ၁၂၈/ ဒက/သတလ-၂/ ၂၀၁၉
ရက်စွဲ ၊ ၂၀၁၉ခုနှစ် အောက်တိုဘာလ(၁၈)ရက်

သို့
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
နေပြည်တော်။

အကြောင်းအရာ။ **ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုဖော်ဆောင်ရေး(DELCO)လီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာအနီးရှိ ကံပေါက်အကြီးစားခဲမဖြူ အဖြိုက်နက်ရောရာသတ္တုတွင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အားပြန်လည်ဖြည့်စွက်တင်ပြခြင်း။**

ရည်ညွှန်းချက် ။ (၁) အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက် ရက်စွဲပါ စာအမှတ်၊ ၁၀၃၆/ ခဲဖြိုက်-အကြီးစား(ကံပေါက်)/၁၉။

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုဖော်ဆောင်ရေး(ဒယ်လ်ကို)လီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာအနီးရှိ ကံပေါက်အကြီးစားခဲမဖြူ အဖြိုက်နက်ရောရာသတ္တုတွင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmnetal Management Plan - EMP) အစီရင်ခံစာ လိုအပ်ချက်များအား ဖြည့်စွက်ထားသည့် (ပဥ္စမအကြိမ်) (EMP) အစီရင်ခံစာအား လေးစားစွာဖြင့် ပြန်လည်ပေးပို့တင်ပြအပ်ပါသည်။

ပူးတွဲ - ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) (မြန်မာ/အင်္ဂလိပ်)

လေးစားစွာဖြင့် -

**Ding Ying**
**Chairman**
**Developers Entrepreneurs Liaison Construction Organizers Limited. (DELCO)**

မိတ္တူ -
- ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်။
- တိုင်းအထွေထွေမန်နေဂျာ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။
- ရုံးလက်ခံ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

နေပြည်တော်

Ph-067-409181(Fax),E-mail;metwo@e-monrec.gov.mm


စာအမှတ်၊၁[illegible]/ခဲဖြိုက်-အကြီးစား(ကံပေါက်)/၁၉

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

သို့

မန်နေးဂျင်းဒါရိုက်တာ

ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုဖော်ဆောင်ရေးလီမိတက်

အကြောင်းအရာ။ **ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုဖော်ဆောင်ရေးလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာအနီးရှိ ကံပေါက်သတ္တုတွင်းတွင် ခဲမဖြူ၊ အဖြိုက်နက် သတ္တုတူးဖော်ထုတ်လုပ်မည့်လုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan-EMP) အပေါ်သဘောထား မှတ်ချက်ပြန်ကြားခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ (၁) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၂၆.၈.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၉၆၁/ ခဲဖြိုက်-အကြီးစား(ကံပေါက်)/၁၉

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၁.၉.၂၀၁၉ ရက်စွဲပါစာ အမှတ်၊ အီးအိုင်အေ-၂/သတ္တု(၁၉၀၉/၂၀၁၉)

၁။ ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုဖော်ဆောင်ရေးလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာအနီးရှိ မြေဧရိယာ(၂၀၈၇)ဧက ကျယ်ဝန်း သော ကံပေါက်သတ္တုတွင်းတွင် ခဲမဖြူ၊ အဖြိုက်နက်ရောရာသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) အစီရင်ခံစာအား ဖြည့်စွက်ပြင်ဆင်၍ ရည်ညွှန်း(၁)ပါစာဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD) သို့ ပေးပို့ခဲ့ရာ ရည်ညွှန်း(၂)ပါစာဖြင့် အောက်ဖော်ပြပါအချက်များ လိုအပ်ကြောင်း သဘောထားမှတ်ချက် ပြန်ကြားခဲ့ပါသည်-

(က) လက်ရှိပတ်ဝန်းကျင်အခြေအနေရှိ ရေအရည်အသွေး၊ လေအရည်အသွေး၊ ဆူညံသံနှင့် တုန်ခါမှုတို့ကို တိုင်းတာစစ်ဆေးခဲ့သည့် နေရာများ၏ လတ္တီတွဒ်၊ လောင်ဂျီတွဒ် Coordinate အမှတ်များနှင့် အဆိုပါနေရာများတွင် စောင့်ကြပ်ကြည့်ရှုမည့် Parameter များ စောင့်ကြပ်ကြည့်ရှုမည့်အကြိမ်အရေတို့ကို စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တွင် ထည့်သွင်းဖော်ပြရန်၊

(ခ) စွန့်ပစ်ရေ၊ စွန့်ပစ်မြေနှင့် ထုတ်လွှတ်အခိုးအငွေ့တို့ စတင်ထုတ်လွှတ်မည့်နေရာများ (Point of Compliance) ၏ လတ္တီတွဒ်၊ လောင်ဂျီတွဒ် Coordinate အမှတ်များကိုဖော်ပြရန်နှင့် အဆိုပါနေရာများကို ရွေးချယ်ရသည့်အကြောင်းအရင်း၊ အဆိုပါနေရာများတွင်စောင့်ကြပ်ကြည့်ရှုမည့် Parameterများ၊ စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်အရေတို့ကို ထည့်သွင်းဖော်ပြရန်၊

(ဂ) အခန်း(၁၁)၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တွင် ဖော်ပြထားသည့် လေအရည်အသွေး၊ ရေအရည်သွေး၊ ဆူညံသံနှင့်တုန်ခါမှုတို့ စောင့်ကြပ်ကြည့်ရှုမည့်နေရာများ၏ လတ္တီတွဒ်၊လောင်ဂျီတွဒ် Coordinate အမှတ်များကို ရွေးချယ်ရသည့်အကြောင်းအရင်းကိုဖော်ပြရန်၊

၂။ သို့ဖြစ်ပါ၍ ကုမ္ပဏီအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) အစီရင်ခံစာအား အထက်ပါလိုအပ်ချက်များကို ပူးတွဲဇယားပုံစံအတိုင်း ပြင်ဆင်ထားသည့် အချက်အလက်များဖြည့်စွက်ပြီး Soft Copy နှင့်အတူ ပြန်လည်တင်ပြပေးရန် အကြောင်းကြားပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးရေး(ကိုယ်စား)
အေးဇော်၊ အထွေထွေမန်နေဂျာ(ထုတ်လုပ်)

မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**
နေပြည်တော်

Ph-067-409181(Fax),E-mail;metwo@e-monrec.gov.mm

စာအမှတ်၊ ၉၆၁ /ခဲဖြိုက်-အကြီးစား(ကံပေါက်)/၁၉
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

အကြောင်းအရာ။ **Environmental Compliance Certificate ထုတ်ပေးနိုင်ပါရန်ကိစ္စ**

ရည် ညွှန်း ချက်။ (၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၉.၇.၂၀၁၉ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/သတ္တု(၁၅၀၁/၂၀၁၉)

(၂) ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုဖော်ဆောင်ရေး (DELCO) လီမိတက်၏ ၁၅.၈.၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၀၈၃/ဒ.က/သတလ-၂/၂၀၁၉

၁။ ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုဖော်ဆောင်ရေး(DELCO)လီမိတက်သည် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာအနီးရှိ မြေဧရိယာ(၂၀၈၇)ဧကကျယ်ဝန်းသော ကံပေါက်သတ္တုတွင်းတွင် ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာသတ္တုအကြီးစား တူးဖော်ထုတ်လုပ်ခွင့်ရရှိထားပြီး အဆိုပါလုပ်ကွက်နှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာ တင်ပြမှုအပေါ် လိုအပ်ချက်များကို ဖြည့်စွက်၍ ပြန်လည်တင်ပြရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရည်ညွှန်း(၁)ပါစာဖြင့် အကြောင်းကြားမှုအား ကုမ္ပဏီသို့ ပူးတွဲပါအချက်အလက်များပြင်ဆင်ရန် အကြောင်းကြားခဲ့ပါသည်။

၂။ ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုဖော်ဆောင်ရေး(DELCO)လီမိတက်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ အကြံပြုချက်များအတိုင်းဖြည့်စွက်၍ EMP အစီရင်ခံစာ ပြန်လည်တင်ပြမှုအား အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊EMP ၊IEE အစီရင်ခံစာ စိစစ်ရေးအဖွဲ့မှ စိစစ်ပြီးဖြစ်ပါသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်(Environmental Compliance Certificate - ECC) ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် Soft Copy နှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

ပူးတွဲ- EMP အစီရင်ခံစာ စိစစ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်နှင့် သုံးသပ်အကြံပြုချက်
Soft Copy CD (၁)ချပ်

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)
အေးဇော်၊ အထွေထွေမန်နေဂျာ(ထုတ်လုပ်)

မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်

စာအမှတ် ၊ အီးအိုင်အေ-၂/သတ္တု(၃၉၀၉/၂၀၁၉)
ရက်စွဲ ၊ ၂၀၁၉ခုနှစ် စက်တင်ဘာလ ၁၁ ရက်

သို့
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

အကြောင်းအရာ။ **ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုဖော်ဆောင်ရေး (DELCO) သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာအနီးရှိ ကံပေါက်သတ္တုတွင်း တွင် ခဲမဖြူ၊ အဖြိုက်နက် သတ္တုတူးဖော် ထုတ်လုပ်မည့်လုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) အပေါ် သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည်ညွှန်းချက်။
(၁) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၈-၆-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆၀၆/ခဲဖြိုက်-အကြီးစား(ကံပေါက်) /၁၇
(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၃-၈-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၉(၁၀၀၈/၂၀၁၈)
(၃) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၃-၄-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၃၅၆/ခဲဖြိုက်-အကြီးစား(ကံပေါက်)/၁၉
(၄) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၃၁-၅-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၆၅၄/ခဲဖြိုက်-အကြီးစား(ကံပေါက်)/၁၉
(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၉-၇-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၉(၁၅၀၁/၂၀၁၉)
(၆) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၂၆-၈-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၉၆၁/ခဲဖြိုက်-အကြီးစား(ကံပေါက်)/၁၉

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုဖော်ဆောင်ရေး သတ္တုတူးဖော်ရေးကုမ္ပဏီမှ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာအနီးရှိ မြေဧရိယာ (၂၀၈၇)ဧက ကျယ်ဝန်းသော ကံပေါက်သတ္တုတွင်းတွင် ခဲမဖြူ၊ အဖြိုက်နက်ရောရာ သတ္တု တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP) ကို အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ရည်ညွှန်း(၁)၊ (၃) နှင့် (၄) ပါစာဖြင့်

တင်ပြလာမှုအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်သုံးသပ်ပြီး လိုအပ်ချက်များကို ပြင်ဆင် ဖြည့်စွက် တင်ပြရန် ရည်ညွှန်း (၂) နှင့် (၅) ပါစာများဖြင့် သဘောထားမှတ်ချက် ပြန်ကြား ခဲ့ပါသည်။ ရည်ညွှန်း(၅)ပါစာဖြင့် အကြောင်း ပြန်ကြားခဲ့ခြင်းအပေါ် ပြင်ဆင်ရေးဆွဲပြီး ရည်ညွှန်း (၆)ပါစာဖြင့် ပေးပို့ တင်ပြလာခြင်း ဖြစ်ပါသည်။

၂။ ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုဖော်ဆောင်ရေး သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan - EMP) ကို စိစစ်ရာတွင် ယခင် ပြန်ကြားခဲ့သည့် သဘောထားများအနက် အောက်ဖော်ပြပါအချက်များ လိုအပ်ကြောင်း သဘောထား မှတ်ချက် ပြန်ကြားပါသည်-

(က) လက်ရှိပတ်ဝန်းကျင်အခြေအနေရှိ ရေအရည်အသွေး၊ လေအရည်အသွေး၊ ဆူညံသံနှင့် တုန်ခါမှုတို့ကို တိုင်းတာစစ်ဆေးခဲ့သည့် နေရာများ၏လတ္တီတွဒ်၊ လောင်ဂျီတွဒ် Coordinate အမှတ်များ နှင့် အဆိုပါနေရာများတွင် စောင့်ကြပ်ကြည့်ရှုမည့် Parameterများ၊ စောင့်ကြပ်ကြည့်ရှုမည့်အကြိမ်ရေတို့ကို စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်တွင် ထည့်သွင်း ဖော်ပြရန်၊

(ခ) စွန့်ပစ်ရေ၊ စွန့်ပစ်မြေနှင့် ထုတ်လွှတ်အခိုးအငွေ့တို့ စတင်ထုတ်လွှတ်မည့် နေရာများ (Point of Compliance) ၏ လတ္တီတွဒ်၊ လောင်ဂျီတွဒ် Coordinate အမှတ်များကိုဖော်ပြရန်နှင့် အဆိုပါနေရာများကို ရွေးချယ်ရသည့်အကြောင်းအရင်း၊ အဆိုပါနေရာများတွင်စောင့်ကြပ်ကြည့်ရှုမည့် Parameter များ၊ စောင့်ကြပ်ကြည့်ရှုမည့်အကြိမ်ရေတို့ကို ထည့်သွင်းဖော်ပြရန်။

(ဂ) အခန်း(၁၁)၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တွင် ဖော်ပြထားသည့် လေအရည်အသွေး၊ ရေအရည်အသွေး၊ ဆူညံသံနှင့်တုန်ခါမှုတို့ စောင့်ကြပ်ကြည့်ရှုမည့် နေရာများ၏ လတ္တီတွဒ်၊ လောင်ဂျီတွဒ် Coordinate အမှတ်များကို ရွေးချယ်ရသည့် အကြောင်းအရင်းကို ဖော်ပြရန်၊

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(စိုးနိုင်၊ ညွှန်ကြားရေးမှူး)

မိတ္တူကို

ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး

ရုံးလက်ခံ၊ မျှောစာတွဲ